# သာမန်ကာလ (၃၃)ကြိမ်မြောက်တနင်္ဂနွေ

ရှင်မာတေဦး ၂၅း၁၄ - ၃၀

ကျနော်တို့ ယာယီခဏတာ နေရတဲ့ ဟောဒီလောကအသက်တာ ကုန်တဲ့အခါ သတိပြုရဆင်ခြင်ရမည့် အကြောင်းအရာတွေကို အသင်းတော်ရဲ့ ဝတ်ပြုကိုးကွယ်ခြင်းနှစ် ကုန်ခါနီး အခုလိုအချိန်မှာ တနင်္ဂနွေနေ့ ဖတ်ရတဲ့ကျမ်းစာတွေအားဖြင့် ဖော်ပြနေပါတယ်။ ယနေ့ဖတ်ရတဲ့ ဧဝံဂေလိကျမ်းစာမှာ ယေဇူးဘုရားရှင် မိန့်တော်မူထားတဲ့ ပုံဥပမာထဲမှာ လူတစ်ယောက်က ခရီးဝေး သွားစရာရှိလို့ သူ့ရဲ့အစေခံတွေကို ရင်းနှီးငွေတွေ ပေးပြီး အလုပ်ခိုင်းထားခဲ့ပါတယ်။ ပထမအစေခံက ငွေ ၅ တာလင်၊ ဒုတိယအစေခံက ငွေ ၂ တာလင်၊ တတိယအစေခံက ငွေ ၁ တာလင် ဆိုပြီး သူတို့ လုပ်ကိုင်နိုင်စွမ်းရှိသလို ခွဲပေးထားခဲ့ပါတယ်။ အဲဒီလိုပဲ ခရီးဝေးဖြစ်တဲ့ ကောင်းကင်ဘုံကို တက်ကြွသွားတဲ့ယေဇူးဘုရားရှင်က ကျနော်တို့တစ်ယောက်ဆီကို ဧဝံဂေလိကျမ်းစာ အပ်ပေးထားခဲ့ပါတယ်။ ဒါကြောင့် ယေဇူးဘုရားရှင် ဒုတိယအကြိမ် ပြန်လာတဲ့အချိန်တိုင်အောင် ကျနော်တို့ထံ အပ်ပေးထားတဲ့ကျမ်းစာအပေါ်မှာ သစ္စာရှိသလားဆိုတာ ပြန်မေးပါလိမ့်မယ်။

ဘုရားသခင်က ကျနော်တို့ တတ်နိုင်သလောက်သာ လုပ်ခိုင်းတာပါ။ ပုံဥပမာထဲမှာ နှစ်အနည်းငယ်ကြာလို့ သခင်ပြန်လာတဲ့အခါ ငွေ ၅ တာလင်ရရှိထားတဲ့ပထမအစေခံက နောက်ထပ်ငွေ ၅ တာလင်ကို အမြတ်ရအောင် ကျိုးစားနိုင်ခဲ့သလို ဒုတိယအစေခံကလည်း နောက်ထပ်ငွေ ၂ တာလင် အမြတ်ရခဲ့ကြပါတယ်။ ၁၀၀% အပြည့်အဝ ကျိုးစားခဲ့ကြတဲ့သူတွေဖြစ်လို့ သခင်က သူတို့ကို လုံးဝစိတ်ချအားကိုးပြီး "ကောင်းလေစွ၊ သစ္စာရှိသောငယ်သားကောင်း၊ သင်သည် အနည်းငယ်သောအမှုတို့၌ သစ္စာရှိသောကြောင့် များစွာသောအမှုအရာတို့ကို သင့်အား ငါပေးအပ်မည်။ သင့်သခင်၏ဝမ်းမြောက်ခြင်း၌ ပါဝင်စံစားလော" လို့ ပြောလိုက်ပါတယ်။

ယေဇူးဘုရားရှင်က ကျနော်တို့ကို များများစားစား မခိုင်းပါဘူး။ သူမိန့်တော်မူတဲ့ ဧဝံဂေလိ သတင်းကောင်းအတိုင်း သစ္စာရှိရှိ အသက်ရှင်နေထိုင်ဖို့ပါပဲ။ ဒါမှ အဓိပ္ပါယ်ရှိတဲ့ဘဝလို့ ခေါ်တာပါ။ အဓိပ္ပါယ်ရှိတဲ့ဘဝကို အပြည့်အဝ ၁၀၀% ရှင်သန်နိုင်ဖို့ ကျိုးစားစရာ၊ စွန့်စားစရာတော့လိုတာပေါ့။ အဲ့လို စွန့်စားမှုတွေရှိမှ သတိဝိရိယနဲ့ နိုးနိုးကြားကြားရှိမှာပါ။ ယနေ့ဖတ်ရတဲ့ သက်ဆာလောနိကဩဝါဒစာမှာ ရှင်ပေါလူးက "သို့ဖြစ်၍ ငါတို့သည် အခြားသူများကဲ့သို့ အိပ်ပျော်၍ မနေသင့်ပေ။ ငါတို့သည် နိုးကြားနေကြလျက် အေးဆေးတည်ငြိမ်စွာ ရှိကြရမည်" လို့ သတိပေးထားပါတယ်။ နိုးနိုးကြားကြားနေတယ်ဆိုတာက ကိုယ်လုပ်နေတဲ့အရာတိုင်းမှာ ဘုရားသခင်ရဲ့အလိုတော်အတိုင်း လုပ်ပါ။ အကောင်းဆုံးလုပ်ပါ။ စေတနာထားလုပ်ပါ။ ပညာသားပါပါ လုပ်ပါ။ စိတ်ဝင်တစား လုပ်ပါ။ ဒါဆိုရင် ပျင်းရိစရာအချိန် မရှိတော့ပါဘူး။ ကိုယ့်စိတ်ထဲ နှောက်ယှက်ခြင်း ဝင်စရာအချိန် မရှိတော့ပါဘူး။ ယနေ့ဖတ်ရတဲ့ ပထမကျမ်းစာ ပညာအလိမ္မာကျမ်း ၃၁ က သစ္စာရှိတဲ့ ဇနီးမယားလိုပဲ ဖြစ်ရမယ် တဲ့။ "သူမ၏ခင်ပွန်းသည် သူမအပေါ် အပြည့်အဝ ယုံကြည်ထားသည်ဖြစ်၍ သူ့အတွက် အကျိုးအမြတ် မခံစားရသည်ဟူ၍မရှိချေ။

သူမ၏ဘဝတစ်လျှောက်လုံးတွင် ခင်ပွန်းသည်အား ကောင်းကျိုးကိုသာပြု၍ ဆိုးကျိုး မပြုတတ်ပေ” ဒါကို ဖတ်ရတဲ့အတိုင်းဆိုရင် ဘုရားသခင်က ကျနော်တို့ကို အဲဒီလို ဇနီးကောင်းအတိုင်း ကျနော်တို့ဘဝမှာ အပြုသဘောဆောင်တာတွေကိုပဲ လုပ်ပါ။ စိတ်ဝင်တစား ဆန်းသစ်တီထွင်ကြံဆပြီး လုပ်ပါ။ ပေးဆပ်ပြီးလုပ်ပါ လို့ ဆိုလိုပါတယ်။ ကျနော်တို့ကသာ အဲ့ဒီလို စိတ်ထားမျိုးနဲ့ အသက်ရှင်နေထိုင်ရင် သင်ဟာ ကောင်းကင်နိုင်ငံတော်ထဲ ရောက်နေသလို ကြိုတင်ခံစားမိပါလိမ့်မယ်။

အဲဒီလိုမဟုတ်ပဲ သစ္စာမရှိ ပျင်းရိတဲ့အစေခံလို စွန့်စားမှုလည်းမရှိ ပျင်းရိလေလွင့်နေရင် ဘုရားပေးတဲ့အချိန်၊ ဘုရားပေးတဲ့အခွင့်အလမ်းတွေကို အလကား ဖြစ်စေပါတယ်။ မနက်မိုးလင်းကတည်းက ပျင်းရိနေတယ်၊ စိတ်တိုနေတယ်၊ အငြိုးအတေးတွေနဲ့ပဲ အချိန်ကုန်နေတယ်၊ မူးယစ်စေတဲ့အရာတွေနဲ့ပဲ ထိုင်းမှိုင်းနေတယ်။ မနာလိုစိတ်နဲ့ပဲ မြင်တတ်တယ်။ အပြုသဘောဆောင်တဲ့စိတ်ထား မရှိပဲ ချေဖျက်ဖို့ / ဝေဖန်ပြစ်တင်ဖို့ပဲ စဉ်းစားနေတယ်။ အတင်းအဖျင်းပြောတာနဲ့ပဲ အချိန်ကုန်နေတယ်။ ဒါဆိုရင် သင့်ဘဝက ဘာကောင်းသေးသလဲ။ သင်အသက်ရှင်ရတာ ဘာအကျိုးအမြတ်ရှိသလဲ။ ဒီလောကမှာအသက်ရှင်ကတည်းက သင်ဟာ အကျိုးရှိရှိအသက်မရှင်ချင်မှတော့ နောက်ဘဝမှာ ရရှိမည့် ကောင်းကင်ဘုံထာဝရအသက်ကိုလည်း ထပ်မလိုချင်ပါနဲ့တော့ဗျာ။ တော်ကြာ ဒီဘဝမှာ အဖျက်သဘောနဲ့အသက်ရှင်ခဲ့တဲ့အတိုင်း ကောင်းကင်ဘုံမှာလည်း အဖျက်သဘောစိတ်ထားနဲ့အသက်ရှင်ရင်တော့ ကောင်းကင်ဘုံမှာလည်း ခင်ဗျား ပျော်မှာမှ မဟုတ်တာ။ မထူးပါဘူးဗျာ သခင်ယေရှု မိန့်တော်မူသလို ငိုကြွေး၍ အံကြိတ်ကြရသောနေရာမှာသာ နေလိုက်ပါ။ “အသုံးမကျသောအစေခံကိုလည်း အပြင်ဘက် မှောင်မိုက်ထဲသို့ ထုတ်လိုက်ကြလော့။ ထိုနေရာ၌ ငိုကြွေး၍ အံကြိတ်ကြရလိမ့်မည်” တဲ့။

ဘုရားပေးတဲ့ဘဝအသက်တာကို ဒီဘဝမှာကတည်းက ကျေကျေနပ်နပ်ကြီး အကျိုးရှိ ရှိ ရှင်ကြပါ။ ၁၀၀% အပြည့်အဝရှင်ကြပါ။ အဖျက်သဘောမျိုး မဆောင်ကြနဲ့။ အပြုသဘောဆောင်တဲ့စိတ်ထား မွေးကြပါ။ ယေရှုဘုရားရှင် ဆင်းကြွလာတာက လူတွေ ဒီဘဝကို အပြည့်အဝ၊ ၁၀၀% ကြွယ်ဝတဲ့အသက်တာနဲ့ ဘယ်လိုရှင်သန် နေထိုင်ရမလဲဆိုတာ လမ်းပြပေးတာပါ။ “ငါမူကား သူတို့အား အသက်ကိုရစေခြင်းငှါလည်းကောင်း၊ ထိုအသက်ကို ပို၍ ကြွယ်ဝစွာ ရရှိစေခြင်းငှာလည်းကောင်း လာ၏။” (ရှင်ယောဟန် ၁၀း၁၀)

နားဆင်သူအားလုံးအပေါ် ဘုရားသခင်ကောင်းကြီးမင်္ဂလာများ ခံစားကြရပါစေ။